## (၁) ကြံအူနီရောဂါ (Red rot)

**ရောဂါဖြစ်စေသောသက်ရှိ - *Colletotrichum falcatum* Went (syn: Glomerella tucumanensis (Speg.) Arx & E. Müll**

### ရောဂါလက္ခဏာ

အရွက်၏ ရွက်လယ်ကြောမကြီးပေါ်တွင်ရှည်လျားသော အနီရောင်အစင်းရှည်များ ဖြစ်ပေါ်သည်။ ရွက်ပြားပေါ်တွင် အနီရောင်ရောဂါကွက်ပြောက်များဖြစ်ပေါ်သည်။ ၎င်းရောဂါ ကွက်ပြောက်များသည် တစ်ဖြည်းဖြည်း ကြီးမားလာပြီး အလယ်တွင် ကောက်ရိုးခြောက်ရောင်ဖြစ် ကာသေးငယ်သော အမဲရောင်အစက်ကလေးများဖြစ်ပေါ်သည်။ ရောဂါရကြံပင်ကို ထက်ခြမ်း ခွဲကြည့်ပါက အတွင်းသားများနီနေပြီး အချဉ်နံ့ထွက်နေသည်။ ကြံအူနီရောဂါသည် မျိုးဆစ် ဆောင်ရောဂါဖြစ်၍ ရောဂါပါသောမျိုးဆစ်များကိုစိုက်ပျိုးမိပါက စိုက်ပျိုးပြီး ရာသီဥတု အခြေ အနေပေးလျှင် ကြံမျိုးဆစ်များ ပုပ်ဆွေးသွားပြီး ကြံပင် မပေါက်လာနိုင်တော့ပေ။





### ကာကွယ်နှိမ်နင်းနည်းများ

- ခံနိုင်ရည်ရှိသော မျိုးကိုစိုက်ပါ။
- ရောဂါကင်းသော ကြံမျိုးပိုင်းကို သုံးစွဲပါ။
- ရောဂါရပင်ကြွင်းပင်ကျန်များအား မီးရှို့ဖျက်ဆီးပါ။
- အပင်ငယ်များတွင် ရောဂါတွေ့ပါက နှုတ်ယူဖျက်ဆီးပါ။
- ရောဂါကျကြံခင်းအားလမိုင်းမထားပါနှင့်။

- ကြံမျိုးပိုင်းများအား မြေကြီး အောက်နက်နက်ထား၍ မစိုက်ပျိုးပါနှင့်။
- ကြံခင်းရေမဝပ်အောင် ရေထုတ်မြောင်းများပြုလုပ်ပေးပါ။
- မျိုးဆစ်ပိုင်းများအား Thiophanatemethyl (သိုင်အိုဖါနိတ်မီသိုင်း)၊ Azoxystrobin (အဇိုဆီစထရိုဘင်)၊ Propiconazole (ပရိုပီကိုနာဇိုး)၊ Tebuconazole (တက်ဗျူကိုနာဇိုး) ဆေးဖျော်ရည်တွင်စိမ်ပြီးမှစိုက်ပျိုးပါ။
- အရွက်ပေါ်တွင်ရောဂါလက္ခဏာစတင်တွေ့ရှိပါက အထက်ပါဆေးများကို တစ်ပင်လုံး နှံ့စပ်အောင်ဖျန်းပေးပါ။